ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၃ /၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ၊ ပုဒ်မ(၄)၊ ပုဒ်မခွဲ(ဂ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရ ဝန်ကြီးဌာနများ၏ အမည်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုဘဲတင်ပို့တင်သွင်းခွင့် ပြုသောပစ္စည်းများအား သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်လိုက်သည်။

**ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲတင်ပို့တင်သွင်းခွင့်ပြုသည့်အမိန့်**

၂။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) တွင်ဖော်ပြထားသော ပို့ကုန်ပစ္စည်း(၁၅၂)မျိုး၊ သွင်းကုန်ပစ္စည်း (၁၆၆) မျိုးတို့အား အစိုးရဝန်ကြီးဌာနများ၏ အမည်ဖြင့် တင်ပို့တင်သွင်းရာတွင် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန်မလိုဘဲ တင်ပို့တင်သွင်း ခွင့်ပြုလိုက်သည်။

(ပုံ) ဦးဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက - ၁၁ / ၁ - ၂၀ / ၂၀၁၃ ( ၂၇ )
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်)

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမိန့်အရ

(တိုးအောင်မြင့်)
ရုံးအဖွဲ့မှူး